**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့**
**နေပြည်တော်**

**ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၀**
**၁၃၈၁ ပြည့်နှစ် တပေါင်းလဆန်း (၁၁) ရက်**
**(၂၀၂၀ ပြည့်နှစ် မတ်လ ၄ ရက်)**

**ငွေရေးကြေးရေးအဖွဲ့အစည်းက အာမခံဝန်ဆောင်မှုပေးရာတွင် လိုက်နာရမည့် ညွှန်ကြားချက်**

၁။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၃၈ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ငွေရေးကြေးရေးအဖွဲ့အစည်းက အာမခံဝန်ဆောင်မှုပေးရာတွင် လိုက်နာရမည့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဤညွှန်ကြားချက်ပါ ငွေရေးကြေးရေးအဖွဲ့အစည်းဆိုသည်မှာ ဘဏ် သို့မဟုတ် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းကို ဆိုသည်။

**ငွေရေးကြေးရေးအဖွဲ့အစည်းက အာမခံဝန်ဆောင်မှုပေးရာတွင် ဆောင်ရွက်နိုင်သည့် ပုံစံများ**

၃။ ငွေရေးကြေးရေးအဖွဲ့အစည်းက အာမခံဝန်ဆောင်မှုပေးနိုင်သည့် ပုံစံများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) **လွှဲပြောင်းပေးခြင်း**။ ငွေရေးကြေးရေးအဖွဲ့အစည်းသည် အာမခံဝန်ဆောင်မှု ရယူလိုသူများကို အာမခံကုမ္ပဏီများသို့ လွှဲပြောင်းပေးနိုင်သည်။

(ခ) **တိုက်ရိုက်ရောင်းချခြင်း**။ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်၊ စီမံခန့်ခွဲသူနှင့် ဝန်ထမ်းများသည် အာမခံထားလိုသူများကို အာမခံကုမ္ပဏီများထံမှ အာမခံဝယ်ယူရန် စည်းရုံးခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၄။ ယင်းသို့ လွှဲပြောင်းပေးခြင်းနှင့် တိုက်ရိုက်ရောင်းချခြင်းတို့အတွက် ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလည်းကောင်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှလည်းကောင်း ကော်ပိုရိတ် အာမခံကိုယ်စားလှယ် (Corporate Insurance Agent) ဆောင်ရွက်ရန် ခွင့်ပြုချက်ရယူရမည်။

၅။ ငွေရေးကြေးရေးအဖွဲ့အစည်းသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့် ကော်ပိုရိတ် အာမခံကိုယ်စားလှယ်လိုင်စင်ရရှိရမည်။

၆။ ကော်ပိုရိတ်အာမခံကိုယ်စားလှယ် လိုင်စင်လျှောက်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အမှုဆောင်ဒါရိုက်တာအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှုအဖွဲ့တွင် အာမခံကိုယ်စားလှယ် လိုင်စင်ရရှိ ထားသူ အနည်းဆုံးသုံးဦး ပါဝင်ရမည်။

၇။ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် အာမခံကုမ္ပဏီတို့အကြား ကိုယ်စားလှယ်ခန့်အပ်ခြင်း သဘောတူစာချုပ်ချုပ်ဆိုရမည်။

၈။ ကော်ပိုရိတ် အသက်အာမခံကိုယ်စားလှယ် (Corporate Life Insurance Agent) အဖြစ် ဆောင်ရွက်မည့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အသက်အာမခံကုမ္ပဏီ အများဆုံး နှစ်ခုနှင့်သာ ကိုယ်စားလှယ်ခန့်အပ်ခြင်း သဘောတူစာချုပ်ချုပ်ဆိုနိုင်သည်။ ကော်ပိုရိတ် အထွေထွေအာမခံ ကိုယ်စားလှယ် (Corporate General Insurance Agent) အဖြစ် ဆောင်ရွက်မည့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အထွေထွေအာမခံကုမ္ပဏီ အများဆုံး သုံးခုနှင့်သာ ကိုယ်စားလှယ်ခန့်အပ်ခြင်း သဘောတူစာချုပ်ချုပ်ဆိုနိုင်သည်။

**ငွေရေးကြေးရေးအဖွဲ့အစည်းရှိ အာမခံကိုယ်စားလှယ်များအား စီမံခန့်ခွဲခြင်း**

၉။ ငွေရေးကြေးရေးအဖွဲ့အစည်းရှိ အာမခံကိုယ်စားလှယ်များအား အောက်ပါအတိုင်း စီမံခန့်ခွဲရမည်-

(က) အာမခံကုမ္ပဏီနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတို့အကြား ချုပ်ဆိုမည့် ကိုယ်စားလှယ်ခန့်အပ်ခြင်း သဘောတူစာချုပ်တွင် လုပ်ပိုင်ခွင့်၊ တာဝန်ဝတ္တရားများနှင့် လိုအပ်သည့်စည်းကမ်းသတ်မှတ်ချက်များ ပါဝင်ရမည်။

(ခ) ကော်ပိုရိတ် အာမခံကိုယ်စားလှယ်ဖြစ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းက အာမခံထားစေရန် လွှဲပြောင်းပေးခြင်း၊ စည်းရုံးခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ ဆောင်ရွက်ရာတွင် ကိုယ်စားလှယ်ခန့်အပ်ခြင်း သဘောတူစာချုပ်ပါ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု၊ အာမခံပညာကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံတို့နှင့်အညီ ဆောင်ရွက်ရန် အာမခံကုမ္ပဏီက ကြီးကြပ်ကွပ်ကဲရမည်။

(ဂ) တစ်ဦးချင်းအာမခံကိုယ်စားလှယ်က အာမခံထားစေရန် လွှဲပြောင်းပေးခြင်း၊ စည်းရုံးခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ ဆောင်ရွက်ရာတွင် ၎င်း၏အာမခံပညာကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံတို့အရ ကိုယ်စားလှယ်ခန့်အပ်ခြင်း သဘောတူ

စာချုပ်ပါ အချက်များနှင့်ကိုက်ညီစေရန် အာမခံကုမ္ပဏီနှင့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်ဖြစ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတို့က ကြီးကြပ်ကွပ်ကဲရမည်။

(ဃ) အာမခံကုမ္ပဏီသည် အာမခံဝန်ဆောင်မှုပေးသည့် ငွေရေးကြေးရေးအဖွဲ့အစည်းရှိ အာမခံကိုယ်စားလှယ်များအား လိုအပ်သောသင်တန်းများပေးရမည့်အပြင် အာမခံဆိုင်ရာ ကျင့်ဝတ်နှင့်အရည်အသွေးတို့ကို မြှင့်တင်ပေးရမည်။ ထို့အပြင် အာမခံကိုယ်စားလှယ်များအား အာမခံကျင့်ဝတ်နှင့် မကိုက်ညီသောကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ မမှန်မကန်စည်းရုံးရောင်းချခြင်းတို့ မပြုလုပ်စေရန် ကြီးကြပ်ရမည်။

(င) မြန်မာနိုင်ငံအာမခံအသင်းသည် ငွေရေးကြေးရေးအဖွဲ့အစည်းက အာမခံဝန်ဆောင်မှုပေးခြင်းအတွက် ကိုယ်စားလှယ်ခန့်အပ်ခြင်း သဘောတူစာချုပ်ပုံစံကို ပြုစုရမည်။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အဆိုပါစာချုပ်ပုံစံကို အတည်ပြုပေးရမည်။

(စ) ကော်ပိုရိတ်အာမခံကိုယ်စားလှယ် လိုင်စင်ရရှိထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် ၎င်းတို့ခန့်အပ်ထားသော တစ်ဦးချင်းအာမခံကိုယ်စားလှယ်စာရင်းကို ထိန်းသိမ်းထားရမည့်အပြင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့လည်း ပေးပို့တင်ပြရမည်။

**တားမြစ်ချက်များ**

၁၀။ ငွေရေးကြေးရေးအဖွဲ့အစည်းက လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုထံသို့ ချေးငွေပေးအပ်ရန်အတွက် လိုအပ်ချက်တစ်ရပ်အနေဖြင့် အာမခံပေါ်လစီ သို့မဟုတ် အာမခံစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်ခြင်း မပြုရ။

၁၁။ အထက်အပိုဒ် (၁၀) ပါ တားမြစ်ချက်ကြောင့် ချေးငွေရယူရန်အတွက် အာမခံထားရှိရန် လိုအပ်ကြောင်း ငွေချေးသူထံသို့ အကြောင်းကြားခြင်းကို ကန့်သတ်ခြင်း မရှိစေရ။

၁၂။ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုသည် ချေးငွေလျှောက်ထားရာတွင် သို့မဟုတ် ယင်း စီးပွားရေးလုပ်ငန်းအတွက် အာမခံကိစ္စဆွေးနွေးညှိနှိုင်းရာတွင် အာမခံကုမ္ပဏီ သို့မဟုတ် အာမခံ ကိုယ်စားလှယ်အား ရွေးချယ်ပိုင်ခွင့်ကို ပိတ်ပင်ခြင်းမပြုရ။ မြီရှင် သို့မဟုတ် ချေးငွေထုတ်ပေးမည့် ပုဂ္ဂိုလ်သည် အဆိုပါအခွင့်အရေးကို အာမခံဝန်ဆောင်မှုရယူသူ သို့မဟုတ် ငွေချေးသူအား အသိပေးရမည်။

**အရေးယူခြင်း**

၁၃။ ဤညွှန်ကြားချက်၏ အပိုဒ် ၁၀၊ ၁၁ နှင့် ၁၂ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်သည် ဘဏ်ဖြစ်ပါက ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့်လည်းကောင်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေနှင့်လည်းကောင်း၊ အရေးယူခြင်းခံရမည့်အပြင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေနှင့်လည်း အရေးယူခြင်းခံရမည်။

**အာမခံသတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းခြင်း**

၁၄။ ငွေရေးကြေးရေးအဖွဲ့အစည်းသည်-

(က) ချေးငွေအာမခံထားခြင်း၊ ချေးငွေလုပ်ငန်းဆောင်ရွက်ခြင်းနှင့် အာမခံဝန်ဆောင်မှုဆောင်ရွက်ခြင်းများအတွက် သီးခြားစာရွက်စာတမ်းများ အသုံးပြုရမည်။

(ခ) အာမခံထားသူက တိုင်ကြားသည့် သတင်းအချက်အလက်များအပါအဝင် အာမခံဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြားမှတ်တမ်းထားရှိပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တောင်းဆိုသည့်အခါ ထုတ်ပေးရမည်။

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းသည် ချေးငွေပေးအပ်ရန်အတွက် လိုအပ်သည့်အာမခံဆိုင်ရာ သတင်းအချက်အလက်များကို ငွေချေးသူထံမှ ရယူခြင်းမပြုရ။ ငွေရေးကြေးရေးအဖွဲ့အစည်းမှ တစ်ဦးချင်းအာမခံကိုယ်စားလှယ်သည် အာမခံဝန်ဆောင်မှုရယူသူ သို့မဟုတ် ငွေချေးသူအား အာမခံထားရန် စည်းရုံးခြင်း၊ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း ပြုလုပ်ရန်အတွက် အဆိုပါသတင်းအချက်အလက်များကို အသုံးမပြုရ။

(ဃ) အာမခံဝန်ဆောင်မှုရယူသူ သို့မဟုတ် ငွေချေးယူသူက အာမခံဆိုင်ရာ အချက်အလက်များကို အသုံးပြုနိုင်ကြောင်း စာဖြင့်ရေးသားခွင့်ပြုပါက ချေးငွေထုတ်ပေးသူ သို့မဟုတ် မြီရှင်နှင့် တွဲဖက်လုပ်ကိုင်သည့် အာမခံကိုယ်စားလှယ်သည် အာမခံရောင်းချရန် သို့မဟုတ် စည်းရုံးဆွဲဆောင်ရန် ၎င်းသတင်းအချက်အလက်များကို ရယူအသုံးပြုနိုင်သည်။

၁၅။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က (၄-၃-၂၀၂၀) တွင် ထုတ်ပြန်ထားသော အာမခံကိုယ်စားလှယ်ဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁ / ၂၀၂၀ ) သည် အာမခံ

ဝန်ဆောင်မှုပေးသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာရမည့် ဤညွှန်ကြားချက် အပေါ် အကျိုးသက်ရောက်မှုရှိသည်။

မောင်မောင်ဝင်း
ဥက္ကဋ္ဌ
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

အမိန့်အရ

(ဇော်နိုင်)
အတွင်းရေးမှူး
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့